# ကချင်ပြည်နယ် ပူတာအိုမြို့တွင်း မြေယာသိမ်းဆည်းမှုသုတေသနစာတမ်း

## Kachin State Map

1= Kawng Lan Hpu
2 = Nong Mong
**3 = Ma Chan Baw ( Outreach survey)**
**4 = Putao (airport)** **( )**
5 = Pang Saung (Sagaing division)
6 = Nan Yun (Sagaing division)
7 = Ta Nine
8 = Sumprabum
9 = Hpi Maw
10 = Chipwe
11 = Waing Maw
12 = **Myitkyina (capital of Kachin state)**
13 = Kamti or Hkamti (Sagaing division)
14 = Hpa Kan (mines)
15 = Mo Gaung
16 = Ho Pin
17 = Mo-Nyin
18 = Bhamo (Bhamaw)
19 = Katha (Sagaing division)




R1 = May-Kha river
R2 = Mali Kha river (Nam Kyu)
R3 = Ayeyarwaddy river
R4 = Tanai Kha river (headwater of Chindwin river) in Hu Gaung Valley
R5 = Thanlwin river
R6 = Mekong river
M = Khaka-bo-razi peak (5882 meters) - Khaka-bo-razi national park

*မာတိကာ*


- နောက်ခံသမိုင်း။
- အစီရင်ခံစာ၏ရည်ရွယ်ချက်။
- နောက်ဆက်တွဲဆိုးကျိုး။
- စစ်တပ်ပြဇာယား။
- သိမ်းဆည်းခံရသောမြေယာများ။
- မေးမြန်းချက်။
- နိဂုံး
- ဓါတ်ပုံ


## ၁။နောက်ခံသမိုင်း။

ပူတာအိုမြို့သည် ကချင်ပြည်နယ်မြောက်ဖျားစွန်းတွင်တည်ရှိပြီးမြန်မာနိုင်ငံ၏မြောက်ဖက်အစွန်ဆုံးမြို့လည်းဖြစ်ပါသည်။ ပူတာအိုမြို့သည် တောင်တန်းရေခဲတောင်များထူထပ်ပြီး ရာသီဥတုကြမ်းတမ်းသောမြို့တစ်မြို့ဖြစ်သည်။ ဤဒေသတွင် မှီတင်းနေထိုင်ကြသော ကချင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ဂျိန်းဖော၊ ရဝမ်၊ မရူ၊ လချိတ်၊ အဇီးနှင့် လီဆူးစသည့် ကချင်လူမျိုးနွယ်စု (၆) စု တို့နေထိုင်ကြသည်။ ဒေသခံကချင်လူမျိုးများသည် အခြေခံအားဖြင့် တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ မြေပြန့်ပိုင်းတွင်နေထိုင်ကြသော ကချင်လူမျိုးများသည် လယ်ယာစိုက်ပျိုးခြင်းသစ်တောလုပ်ငန်းလုပ်ကိုင်ခြင်း ရွှေကျင်ခြင်း ကျောက်တူး ခြင်း လုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအနေဖြစ်လုပ်ကိုင်စားသောက်ကြသည်။ဤဒေသတွင်အဖိုးတန်သောသဘာဝတွင်းထွက်သတ္တုပစ္စည်းများနှင့် အစွမ်းထက်သောဆေးဖက်ဝင်အပင် အမြစ် နှင့်ဆေးဥများအလွန်ပေါက် ရောက်လျက်ရှိသည်။ ပူတာအိုမြို့သည် ဧရိယာအားဖြင့် မိုင်ပေါင်း ၂၁၀၅·၆၀ စကွဲယားမိုင်ရှိကာ ဧကအားဖြင့် ၁၃၄၇၉၄ ရှိပြီးလူဦးရေအားဖြင့် ၆သောင်းကျော်ခန့်သာရှိသည်။

### ၁–၁။ သုတေသနပြုလုပ်ပုံ။

သုတေသနပြုလုပ်ရာတွင် အခက်အခဲမျိုးစုံကြားထဲမှ ခရီးပေါက်အောင်သွားရောက်လေ့လာကောက်ယူခဲ့ပါသည်။ ပထမဦးစွာ ဒေသခံလူများ၏ယဉ်ကျေးမှုအရကျင့်ပြီးဒေသခံ လူငယ်များနှင့်ဆက်သွယ်ပူးပေါင်းခဲ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနေရာတွင် တဆင့်ခံမေးမြန်းခဲ့ရပါသည်။ အများအားဖြင့် မိမိကိုယ်တိုင် စွန့်စားပြီး သွားရောက်လေ့လာ မေးမြန်းခဲ့ပါသည်။ သုတေသနပြုလုပ်နည်း ပထမနည်း နှင့်ဒုတိယ နည်း နှစ်မျိုးစလုံးကို အသုံးပြုခဲ့ရပါသည်။ မြို့နှင့်အလွန်ဝေးသော ၃ရက်ခရီးကို ခြေကျင်လျှောက်လေ့ လာမှတ်တမ်းယူခဲ့ပါသည် တစ်ရက်ခရီး အစာငတ်ခဲ့ပါသည်။ အချို့နေရာဒေသတွင် နအဖ လူတွေရဲ့စစ်ဆေးမှုတွေခံခဲ့ရပါသည်။

**အားနည်းချက်မှာ**သတင်းရယူရာတွင်အသုံးပြုမည့်ပစ္စည်းလုံလောက်မှုမရှိခဲ့ပါ။အချို့နေရာများတွင် လုံခြုံရေးအရသော်လည်းကောင်း ငွေကြေးမလုံလောက်မှုစသည့်အခြေအနေများကြောင့်မသွားနိုင်ခဲ့ပါ။ အဖြစ် မှန် သတင်းရယူခြင်းသည် စစ်အစိုးရ၏ပထမ အလိုအပ် ဆုံးသောရန်သူဖြစ်ပြီးမြန်မာပြည်တွင်းစစ်အစိုးရ၏ ထောင်စခန်း ကြိုးတမ်းပေါ်တွင် လမ်းလျှောက် နေရခြင်းနှင့်တူသော်လည်း ရန်သူ ကြားမှ မျိုးချစ်စိတ်ဓါတ်ဖြစ် အမိမြေ၏ ဆုံးရှုံးမှု အမှန်ကို ရရှိစေရန်ကြိုးစားဖော်ထုတ်ရပါသည်။

## ၂။ အစီရင်ခံစာ၏ရည်ရွယ်ချက်။

ကျနော်တို့မြန်မာနိုင်ငံဒေသအသီးသီးတွင် စစ်အစိုးရ၏ ဖိနှိပ်မှုအခြေအနေ များ၊ အတင်းအဓမ္မသိမ်းဆည်းမှုများကို မြန်မာ့အရေးလုပ်ရှားသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ စာဖတ်သူတိုင်း နှင့်နိုင်ငံတကာအားသိနားလည်စေရန် ဆုံးရှုံးသွားသော သဘာဝပတ်ဝန်းကျင်၊ ဘိုးဘွားပိုင်မြေယာခြံများ ဖျက်စီးခံရသော နေရာဒေသများ စစ်အစိုးရ၏ဒေသအလိုက် ပြည်သူအပေါ်လူ့ခွင့်အရေးချိုးဖောက်မှုများကို အမြင်မှန်ဖေါ်ထုတ်ရရှိစေရန် နှင့် မြန်မာပြည်သူများခံစားနေရသောဒုက္ခများကို ကမ္ဘာကသိစေပြီး စစ်အစိုးရ၏လုပ်ရပ်များကို ပွင့်ပွင့်လင်းလင်းမြင်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းများက နအဖအစိုးရ၏ မြေယာ ပိုင်ဆိုင် မှုအခွင့်အရေးမျာ းချိုးဖောက်မှုကို သိရှိစေရန်ရည်ရွယ်ပြီး ဤစာတမ်းကို လက်တွေ့ ကွင်းဆင်း ရေးသားရခြင်းဖြစ်သည်။

## ၃။ စစ်တပ်တိုးချဲ့ခြင်းနှင့် လယ်ယာမြေသိမ်းဆည်းမှုကြောင့်ခံနေရသောနောက်ဆက်တွဲပြဿနာ။

ပူတာအိုမြို့သည် လွန်ခဲ့သော ပဒေသရာဇ်ခေတ်အဆက်ဆက်မှ စ၍ဒေသခံများသည် ဘိုးဘွားမြေအမွေဟုခံယူကာခေတ်အဆက်ဆက်ဘိုးဘွားပိုင်မြေခြံတွင် စိုက်ပျိုးမွေးမြူလုပ်ကိုင်စားသောက် လာခဲ့သောဒေသ တနေရာဖြစ်သည်။ သို့သော် စစ်အာဏာရှင်အစိုးရသည် လွန်ခဲ့သော ၂၀၀၃ ခုနှစ်မှ စ၍ ကချင်ပြည်မြောက်ပိုင်းပူတာအိုမြို့နယ်တွင် အကျဉ်းထောင်များ၊ စစ်တပ်အင်အားများ၊ တပ်ရင်းစခန်းများ တိုးချဲ့မှုကြောင့်ဒေသခံပြည်သူပိုင်ဆိုင်သော အဘိုးဘွားအမွေအနှစ်များ ဖြစ်သည့် လယ်ယာမြေ၊ ခြံ များအား **ကချင်ပြည်နယ် တိုင်းမှူး မောင်မောင်ဆွေ**၏အမိန့်အရဆိုကာ မတရား သိမ်းပိုက်ခြင်း များ စွာခံနေရပါသည်။

ဤကဲ့သို့စစ်အစိုးရ၏သိမ်းဆည်းမှုများကြောင့် စီးပွားရေးတွင် လည်းကောင်းလူမှုရေးတွင် လည်းကောင်း ဒေသခံပြည်သူများသည် ဆုံးရှုံးနစ်နာခဲ့ရပါသည်။ စစ်တပ်များတိုးချဲ့လာခြင်းကြောင့် ဒေသတွင်း အမိန့်အရ မူးယစ်ဆိုင်များဖွင့်လှစ်ခြင်း၊ ကာရာအိုကေဆိုင်များ ဖွင့်လှစ်ခြင်းကြောင့် ဒေသခံလူငယ်များ စွာဖျက်ဆီး နေပါသည်။ ယခု အချိန်တွင် ကျေးရွာများတွင် ရွာသားလူဦးရေထက် စစ်သားဦးရေ ကပို များနေပါသည်။ စစ်တပ်များတိုးချဲ့ခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံလည်းခံနေရပါသည်။ တပ်ရင်းများရှိသော ရွာများတွင် ရွာသားများ တောင်ယာလမ်းတွင် အရွယ်မရောက်သေးသော မိန်းကလေးများနှင့် အမျိုးသမီး အိမ်ထောင်ရှင်မ များကို ပါ မတရား မုဒိမ်းကျင့် ခံနေရပါသည်။ **ဆိုးဝါးသည်မှာ နေရာတကာတွင် စစ်စခန်း များတိုးချဲ့ပြီး ဒေသခံရွာကျောင်းသွား ကျောင်းပြန် အမျိုးသမီးများအား စော်ကား အနိုင်ကျင့် မုဒိမ်းကျင့်မှုတွေ**

**မကြာခဏဖြစ်နေပါသည်။ ပူတာအိုမြို့ ထဝါဒမ်း ကျေးရွာတွင် ထောက်ပို့စခန်းနှင့် ဂျီအီး စခန်း တည်ဆောက်ထားပြီး ထိုရွာမှ ပူတာမြို့သို့ကျောင်းတက်သော အထက်တန်းကျောင်းသူအယောက် ၆၀ ကျော် ကျောင်းထွက် နေရပါသည်။ အကြောင်းမှာ လမ်းတလျှောက်တွင် ကျောင်းသွားကျောင်းပြန်နောက်ယှက်ပြီး ရွာတွင်း ဝင်ပြီး မုဒိမ်းကျင့်မှုများ ကြောင့် ကျောင်းသူမ ၆၀ ကျော် ကိုယ်ဝန်ဆောင်နေသည်ကိုစာရေးသူမျက်မြင် တွေ့နေရပါသည်။** ထိုနောက် ဒေသခံရွာများမှ ကြက်၊ ဝက်၊ နွားများ အိမ်ခြံရှိအသီးအနှံများ မကြာခဏ ခိုးယူဒုက္ခပေးနေပါသည်။ ထိုကဲ့သို့ ဒုက္ခအမျိုးမျိုးရင်ဆိုင်နေရသောကြောင့်မခံနိုင်၍ အချို့သော မိသားစု များသည် မိမိအိမ်များကို စွန့်၍ မြို့ နှင့် အလွန်ဝေးခေါင် သော တောင်ပေါ်ဒေသ သို့ ပြောင်းရွှေ့နေရပါသည်။ နှစ်ပေါင်းများစွာ လုပ်ကိုင်လာသော ခြံများကိုစွန့်ရလောက်အောင် စစ်တပ် များ ၏ နောက်ယှက် ခြင်း ခံနေရပြီး ဒေသခံများသည် စီပွားရေး၊ လူမှုရေး၊ ပညာရေး အဖက်ဖက် တွင် ဆုံးရှုံး နစ်နာပြီး စိတ်တပ်၏ အနိုင်ကျင့်မှုကြောင့် စိတ်ပိုင်းဆိုင်ရာကိုပါဖျက်စီးထိခိုက်နေပါသည်။

## ၃–၁ ပူတာအိုမြို့တွင်စစ်အစိုးရလက်ထက်သဘာဝပတ်ဝန်းကျင်ဆုံးရုံးမှု။

ပူတာအိုမြို့တွင် ၂၀၀၃ ခုနှစ်တွင် တပ်ရင်း ၅ ခုထပ်မံတိုးချဲ့ခဲ့ရာ ထိုတပ်ရင်းများကို ဒေသခံ ပြည်သူများ နှစ်ပေါင်းများစွာပြုစုပျိုးထောင်ကာကွယ်လာခဲ့သော သစ်တောများတွင် စစ်တပ်များတည် ဆောက်ရန်အမိန့်ပေး၍ ရောမ သစ်တောကြီးများဖျက်စီးနေပါသည်။ ဤသစ်တောများသည် ဒေသခံပြည် သူများ၏ **ဘဝနှင့်အသက်** ဖြစ်နေပါသည်။ ဤသစ်တောများကို အမှီပြု၍ အသက်ရှင်နေထိုင်လာခဲ့ရာ နအဖ အစိုးရသည် ပြည်သူများ ၏ အဓိက အသက်ရှိင် နေထိုင်မှုတွေကို အမြဲတစေ ဖျက်စီးစေလိုပါသည်။ တပ်ရင်းတစ်ရင်းတည်ဆောက်ရန် သစ်တော် ဧက ၂၀၀ ကျော်ခန့်ဖျက်ဆီးခံရပြီး နှစ်ရာချီ ရှင်သန်လာခဲ့သော သစ်တောကြီးများကိုရက်အနည်းငယ်အ တွင်း ဖျက်စီးနေပါသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဟုအမည်ပြုကာ သစ်ခုတ်ရန်အတွက် လမ်းဖောက်ခြင်း လမ်းချဲ့ခြင်းအမျိုးမျိုး မိုင်းဖောက်ကွဲ မှုများပြုလုပ်ကာသစ်များကို တဖက်နိုင်ငံသို့ တင်သွင်းရောင်းချနေသည်မှာဘယ်လိုမှငြင်းလို့မရနိုင်ပါ။ ဤကဲ့သို့နအဖ အစိုးရ၏ သဘာဝ ပတ်ဝန်း ကျင်ဖျက်စီးမှုကြောင့် တချိန်ကသာယာလှပခဲ့သော တောတောင်များသည် ချုံပုတ်များ သာ တွေ့ရှိ နေတော့သည်။ (၂၀၀၄ ခုနှစ် မှစ၍ နအဖ၏ စီမံကိန်းအရ ပူတာအိုမြို့ ရေခဲတောင် လမ်းဖောက် လုပ် နေပါသည်။ ထိုလမ်းဖောက်ရာတွင် လူအင်အား စက်အင်အားအသုံးပြုပြီး သစ်များကို အဆမတန်ခုတ် နေပါသည်။ ထိုလမ်းသည် ပူတာအိုမြို့မှ ဇီယာရွာအထိ မိုင်ပေါင်း ၇၀ကျော်)ရှိသည်။

၄။ ပူတာအိုမြို့စစ်တပ်ပြဇယား။

| စဉ် | တပ်ရင်းအမည် | နေရာ | မြို့နှင့်အကွာအဝေး | တိုးချဲ့မှု ခုနှစ် |
|---|---|---|---|---|
| ၁။ | ခလရ (၄၆) | ပူတာမြို့ | မြို့အတွင်း | |
| ၂။ | ခလရ (၁၃၈) | မူလာရှီးဒီ | မြို့နှင့်ကပ်ရပ် | အသစ် (၂၀၀၃) |
| ၄။ | ခလရ (၁၃၇) | မချမ်းဘော့ မြို့ | မြို့ နှင့်ကပ်ရပ် | အသစ် (၂၀၀၃ ) |
| ၅။ | ထောက်ပို့ | ထဝါဒမ်း | မြို့နှင့် ကပ်ရပ် | အသစ် (၂၀၀၃) |
| ၆။ | ဂျီအီး | ထဝါဒမ်း | မြို့ နှင့် ကပ်ရပ် | အသစ် (၂၀၀၃) |
| ၇။ | ဂျီအီး | မြို့မ | မြို့တွင်း | အသစ် (၂၀၀၃) |

၅။ စစ်တပ်သိမ်းဆည်းခံရသောမြေယာများ။ ၂၀၀၃ –၂၀၀၅ခုနှစ်တွင်း

| စဉ် | သိမ်းဆည်းခံရသူ၊ အမည် | အကြောင်းအရာ | စစ်တပ် | နယ်မြေ၊ဒေသ | ဧရိယာ |
|---|---|---|---|---|---|
| ၁။ | ဦး ခင်ဆာရ်း | ဘုန်းကြီးကျောင်း တည်ဆောက်ရန် | ခလရ (၄၆) | လေယာဉ်ကွင်း သာယာကုန်း ရပ်ကွက် (၂ ) | ၂၈ကေ |
| ၂။ | ခါရှီ | စစ်တပ်တည်ဆောက်ရန် | ခလရ ၁၃၈ | မူလာရှီးဒီ | ၁၂၀ကေ |
| ၃။ | ခရစ်တော်၏အသင်းတော်ပိုင် | ဘုန်းကြီးကျောင်း တည်ဆောက်ရန် | ခလရ (၁၃၈) | မူလာရှီးဒီ | ၁၀ကေ |
| ၄။ | မချမ်းဘော့ | စစ်တပ်တည်ဆောက်ဂန် | ခလရ (၁၃၇) | မချမ်းဘော့မြို့ | ၂၀၀ကေ |
| ၅။ | လီဆူး | လေတံခွန် (ဟိုတယ်) | ခလရ (၁၃၈) | မူလာရှီးဒီမြို့တွင်း | ၄ ခြံ ၄ကေ |
| ၆။ | ကိုယ်ပိုင်သစ်တောရှိသူများ | အစိုးရပိုင်အဖြစ် | | ဂါးထု၊ ပတ်လုံး | ၇၀၀ခန့် |

| | | | | | |
|---|---|---|---|---|---|
| ၈။ | အိမ်ကွက်လပ်များ | အိမ်ရှင်မရှိသောကြောင့် | | မြို့ပေါ် | အိမ်ခြေ ၅၀ခန့် |

၆။ ရွာသားများအားမေးမြန်းချက်။ *(၂၀၀၃ မှ ၂၀၀၅ ခုနှစ်အတွင်း ဖြစ်ပျက်မှုပြဿနာ)*

ပူအာအိုမြို့ မူလာရှီဒီကျေးရွာတွင် ၂၀၀၃ ခုနှစ်တွင် တိုးချဲ့လိုက်သော ခလရ ၁၃၈ တပ်ရင်းသည် ဒုတ္ထန်ရွာနှင့် မူလာရှီးဒီရွာကြားတွင်တည်ဆောက်ထားပြီး စစ်သားများသည် ထိုရွာသားများ၏ လယ်လုပ်နွားများကို တစ်နှစ်အတွင်းအကောင် ၃၀၀ ကို ခလရ ၁၃၈ တပ်သားများ ကအနိုင်ကျင့်သတ်စားခဲ့ခြင်းကြောင့်ရွာသားများလယ်လုပ်ရန်အခက်တွေ့နေကြောင်းရွာသားတစ်ဦးက ဤသို့ရှင်းပြပါသည်။

မူလာရှီးဒီရွာသားဦးခင်ရမ်၏ပြောပြချက်အရ စစ်တပ်တည်ဆောက်ပြီးနောက် “ဒီနှစ်၂၀၀၅ အထိဆို နွားကောင် ၉၀၀ ကျော်စစ်သားများက သတ်စားလိုက်ပြီ ဒီစစ်တပ်တွေဟာကျနော် တို့ပြည်သူ တွေရွာသား တွေအတွက် ဘာတစ်ခုမှ အကျိုးမပေးခဲ့ဘူး နေ့ည ရွာသားတွေ ကိုပဲ ဒုက္ခပေးနေပါတယ် ဒီအစိုးရရဲ့အောက်မှာလူဖြစ်ရကျိုးမနပ်ဘူးကွာ သည်ထက်မက ရွာတွင်း ကြက်များ၊ ဝက်များ အမျိုးသမီးငယ်များ အားအတင်းအဓမ္မ ကျိုးလွန်မှုများ ဆိုမ ရေတွက် နိုင်တော့ဘူး” လို့ဒေသ ခံရွာသားတစ်ဦးကစိတ်မကျေနပ်စွာပြောပြပါသည်။

**၂၅၊၁၂၊၀၄**နေ့ညသည်ခရစ်စွမတ်ညဖြစ်၍တစ်ရွာလုံးမိမိဘုရားကျောင်းတွင်ပျော်ပွဲရွှင်ပွဲများပြု လုပ် ပျော်ရွှင်သီချင်းဆိုနေကြသည်။ ထိုညတွင် မူလာရှီးဒီနေဦးမဖန်းခင်ရမ်၏အိမ်တွင် ကြက်ပျောက်မှု ဖြစ်နေပါသည်။ အိမ်ရှင်ဤသို့ရှင်းပြပါသည် “ ကျနော်တို့မိသားစုအားလုံးဘုရားကျောင်းသွားကြ တယ် အိမ်မှာ ဘယ်သူမှမနေခဲ့ဘူး ဒီလိုလည်း တစ်ခါမှ မပျောက်ခဲ့ဘူး” ထိုညတွင် အိမ်အောက် ကြက်ခြံ မှ ကြက်အကောင် ၂၀ ပျောက်သွားသဖြင့် ရွာနီးရှိ ခလရ ၁၃၈ တပ်ရင်းသို့ ညသန်းခေါင်တွင်အိမ်ရှင်ကိုယ်တိုင်သွားကြည့်ခဲ့ရာ စစ်သားများက ကြက်သတ်စားပြီး အားရပါးရ အရက်သောက်ပျော်နေကြတယ်ပျောက်သွားသောကြက်များသည်တပ်ရင်းတွင်သတ်စားနေသည်ကို တွေ့နေပါသည်တစ်ချို့အကောင်များအနည်းငယ်ကိုသာအိမ်သို့ပြန်ယူလာခဲ့ပါသည်။

ဤသို့ခိုးစားနေသော်လည်းဘာတစ်ခုမှလျော်ကြေးမရရှိပါ။“လူည်းနွားများလည်းခိုးစားသည် ကို ၅ ကြိမ်တိုင်တိုင်တွေ့ခဲ့သော်လည်းတပ်ရင်းမှူးကိုယ်တိုင်ပါဝင်နေသောကြောင့်အရေးမယူပဲမသိဟန် ဆောင်နေပါသည်”ဟု ပြောပြပါသည်။ ဆက်၍“ကျနော်တို့ဘဝကဒီစနစ်နဲ့ပဲအဆုံးသတ် ရတော့မှာ လား နေရာတကာ စစ်ဖိနပ်ခြေရာတွေပဲ မကြည့်ခြင်တော့ဘူး အခုတော့ကျနော်တို့မှာ နွားလည်း မရှိတော့ဘူး ဝါးတောတွေလည်း အကုန်လုံးစစ်တပ်ကခုတ်လိုက်ပြီ (ခလရ ၁၃၈) အမြန် သေသွား ရင် လည်း ကောင်းပါတယ်” ဟုပြောပါသည်။

**သုံးသပ်ချက်**

မြန်မာပြည်တွင်းနေထိုင်ရသောတိုင်းရင်းသားများသည်စစ်အစိုးရ၏ လက်အောက်တွင် ခေတ်အဆက်ဆက် ဖိနှိပ်မှုခံနေရပြီး အခွင့်အရေးပေါင်းစုံဆုံးရှုံးရခြင်းကို နအဖ အစိုးရက လျစ်လျူရှုနေသည်။စစ်တပ်များရှေ့တွင်"တပ်မတော်သည် အမိတပ်မတော်သာအဖ" ဟုကပ်ထားပြီးတိုင်းသူပြည်သားများ၏သွေးစုပ်ကြောင်များဖြစ်နေပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်၊သစ်တောများကို မလိုအပ်ဘဲဖျက်ဆီးနေသူများသည် ပြည်သူလူထုအားလုံး၏ရန်သူများဖြစ်ကြသည်။သစ်တော်များနှင့်မြေယာခြံများသည်ပြည်သူလူထု၏ရပ်တည်ရေးဖြစ်သလိုအသက်လမ်းကြောင်းလည်းဖြစ်ပေသည်။ ထို့ကြောင့်တန်းဖိုးရှိလှသောမြေ၊သစ်တောများနှင့်တောတွင်းရတနာများအတွက်ထိန်းသိမ်းကာကွယ်လိုသော စိတ်လူအများတွင်ပြင်းပြလာအောင် အစိုးရက လုပ်ဆောင်ရပေမည်။ လက်ရှိအစိုးရ၏ သစ်တော ဥပဒေသည် နဖအ အုပ်စု၏နိုင်ငံခြားဝင်ငွေတွင်အရည်ပျော်သွားခဲ့သည်။ ထိုသို့ နဖအ ၏လုပ်ငန်းစီမံကိန်း များသည်အပစ်အခတ်ရပ်စဲရေး အဖွဲ့များနှင့်ပူးပေါင်းပြီးမိမိတိုင်း တိုင်းရင်းသားဒေသတွင်အဓိက ဖျက်ဆီး နေသည်မှာ တိုင်းရင်းသားများ၏အခွင့်အရေးအားလုံးကို ချိုးဖောက်ခြင်းဖြစ်သည်။

## နိဂုံး

၁၉၈၉ ခုနှစ်မှစ၍ ပူတာအိုမြို့တွင် စစ်တပ်တိုးချဲ့ခြင်း အကျဉ်းထောင် များ တည်ဆောက်တိုးချဲ့ခြင်းများ ပြုလုပ်လာခဲ့သည်။ ယခုလက်ရှိတွင် စစ်အာဏာရှင်များ ၏လက်ဝါးအောက်တွင် ဌာနေတိုင်းရင်းသား များသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ပညာရေး၊ လူမှုရေး၊ကျန်းမာရေး အဖက်ဖက်တွင် နှိမ့်ကျပြီး မိမိဒေသ မိမိပိုင် ဆိုင်သော သဘာဝရေမြေ၊ တောတောင် အဖိုးတန် ကျောက်မြတ်ရတနာ များကို ပိုင်ဆိုင်ခွင့် စီမံခွင့် ဆုံးဖြတ်ပိုင်ခွင့်များ အပေါ်ဖိနှိပ်ချုပ်ချယ်မှု၊ ဆုံးရှုံးမှုများရင်ဆိုင်တွေ့ကြုံနေကြရပါသည်။

## ခါတ်ပုံ

ကိုကားချက် www.kachinstate.com